# နှစ်(၂၀) သက်တမ်း

-တော်လှန်ရေးသက်တမ်းလည်း
လက်ချိုးရေတွက်ကြည့်တော့
နှစ်(၂၀)ကြာပေါ့
ဒါဟာ....ဂုဏ်ယူစရာဖြစ်သလို
ရှက်စရာလည်းဖြစ်တယ်
ငါတို့မှ ဒီစနစ်ဆိုးကိုမဖြုတ်ချနိုင်တာ...။

-ဂုဏ်ယူမနေစမ်းပါနဲ့
သခ်္ခန်းစာယူစရာတွေ
အားနည်းချက်တွေကို မြင်စမ်းဟဲ့
တွဲလက်တွေ ပိုခိုင်ဖို့လိုသေးတယ်ဆိုတာ
နှစ်(၂၀)ကြာတဲ့သက်တမ်းကပြနေတာကွဲ့ ...ရဲဘော်ရဲ့...။

-ဒါဟာ....ငါတို့ညံ့လို့
ဒါဟာ....ငါတို့မညီညွတ်လို့ မစုစည်းနိုင်လို့
ဒါဟာ...ငါတို့မလုပ်နိုင်လို့ မစည်းရုံးနိုင်လို့
ဒါဟာ...ငါတို့ ရန်ငါမပြတ်လို့ ရန်သူအပေါ်စိတ်ကူးယဉ်လို့
ဒါဟာ...ငါတို့ မစွန့်စားဝံ့လို့ သတ္တိကြောင်လို့
ဒါဟာ ...ငါတို့ အချောင်သမားစိတ်ဓါတ်တွေများနေလို့ အတ္တကိုယ်ကျိုးများလို့
ဒါဟာ....ငါတို့ အမြော်အမြင်နည်းလို့ အမြင်ကျဉ်းလို့
ဒါဟာ....ငါတို့ မပြတ်သားလို့ တွေဝေနေလို့....။

-လူထုနောက်မြီးဆွဲမဖြစ်အောင်တော့
ပြင်ဆင်မှုအသစ်တွေနဲ့ပြင်ဆင်ရလိမ့်မယ်
အမြင်ကျယ်ကျယ်နဲ့ နည်းလမ်းပေါင်းစုံဖွင့်ထားပေးရမယ်
အားလုံးဝိုင်းဝန်းရမယ်
ဟန်ချက်ညီညီ လုပ်မှရမယ်
ပြီးတော့.......
ဒီတခါ
လက်ဦးမှုအရယူ မြန်မြန်တိုက်
မြန်မြန်အောင်ပွဲကိုအရယူဖို့လိုမယ်...။

ဗဆန်းဇော်